ရွှေပဒေသာစာပေ

# ကြည်နုဝေဝင်း

(အချစ်လုံးချင်းဝတ္ထုသစ်)

## အမုန်းကြောင့် ဖြစ်တဲ့ ချစ်အာဃာရ



# အခန်း(၁)

နေရိပ် ယခင်နေ့တွေလို စိတ်ထင်တိုင်း လွတ်လွတ်လပ်လပ် နေလို့ မရတော့။ သူငယ်ချင်းတွေ အတန်တန် တားနေသည့် ကြားထဲမှ အိမ်သို့ အတတ်နိုင်ဆုံး စောစောရောက်အောင် ပြန်လာခဲ့သည် ။ ဒီနေ့ ဖေဖေ နယ်မှ ပြန်ရောက်မည်။

သားအဖနှစ်ယောက်တည်း ရှိသည့်ဘဝမို့ တစ်ယောက်အိမ်မှာ မရှိသည် နှင့် သိသာစွာ တိတ်ဆိတ်ခြောက်သွေ့နေတတ်သည် ။

ဖေဖေ အလုပ်ကိစ္စနှင့် ခရီးထွက်သည် နှင့် နေရိပ်လည်း အိမ်မကပ်တော့။ ဒါပေမဲ့ နေရိပ် ဘယ်လောက်အလည်အပတ်များများ ဖေဖေ မရိပ်မိသည် က များ တတ်သည် ။

ဒါ သူ့အထင်ပါ။ ဖေဖေ သိချင်လည်း သိနေပါလိမ့်မည်။ အရွယ်ရောက်ပြီးသား သားတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို မပိတ်ပင်ရက်စွာ မသိဟန်ဆောင်ထားခြင်းသာ ဖြစ်ပါလိမ့်မည်။

နေရိပ်ဖေဖေက အဲလိုလည်း အလိုက်သိ သဘောကောင်းတတ်ပြန်သည် ။ တချို့ကိစ္စတွေမှာ စည်းကမ်းတင်းကျပ်ပေမဲ့ စီးပွားရေးလုပ်ငန်းတွေနှင့် ပတ်သက်ပြီး နေရိပ် စိတ်မဝင်စားသရွေ့ အတင်းအကျပ် စီမံကိန်းချ ဘောင်သွင်းဖို့ လည်း ဘယ်တုန်းကမှ အားမထုတ်ခဲ့ဖူးချေ။

ဒါကြောင့် အသက်နှစ်ဆယ်မှာ ဘွဲ့ရခဲ့တဲ့ နေရိပ်တစ်ယောက် ယခု

အသက်နှစ်ဆယ့်နှစ်နှစ် ကျော်သည့်တိုင် ဘာအလုပ်မှ မည်မည်ရရ မလုပ်ဘဲ ပန်းချီယောင်ယောင်၊ ကဗျာယောင်ယောင် လျှောက်လုပ်ခွင့်ရခြင်းဖြစ်သည် ။ ဖေဖေကတော့ နေရိပ်ကို ဘယ်တုန်းကမှ စိတ်ပျက်မသွားခဲ့။

"ဝါသနာပါတဲ့ အလုပ်ကို ထွန်းပေါက်အောင် ကြိုးစားကွာ" ဟု မကြာခဏ အားပေးသည် ။ နေရိပ်သူငယ်ချင်းတွေကအစ ဖေဖေ့ကိုချစ်ကြသည် ။

လူငယ်တွေနှင့်လည်း ဖေဖေက အဖွဲ့ကျနေတတ်၏။ ကြက်တောင်ရိုက်တာ၊ ချက်စ်ထိုးတာလောက် မပြောနှင့် တစ်ခါတစ်ရံ ဂစ်တာတီးလျှင်တောင် နေရိပ်သူငယ်ချင်းတွေနှင့်အပြိုင် Rhythm တွေ လိုက်တီးတိုင်သေးသည် ။

တစ်ခါတစ်ရံ အလုပ်ကိစ္စတွေ များ လွန်းသောကြောင့် အိမ်မှာ အေးအေးဆေးဆေး အနားယူရန် လိုအပ်သည့်အချိန်မျိုး ဖြစ်ပါက တခြားအဘိုးကြီးတွေလို စာကြည့်ခန်းထဲ အေးအေးသက်သာ မနေတတ်ဘဲ နေရိပ်အခန်းထဲလာကာ လူငယ်တွေနှင့် Guiter Scale တွေအကြောင်း ဆွေးနွေးတတ်သည် ။

ဖေဖေတို့ ခေတ်က တက္ကသိုလ်ကျောင်းသားဘဝ အလွန်ကျော်ကြားခဲ့သော သီချင်းများ အကြောင်း စိတ်လိုလက်ရ ပြောပြလေ့ရှိသည် ။ ဖေဖေ အမြဲဆိုလေ့ရှိသော သီချင်းမှာ John Vonjovi နှင့် Rod Steward တို့၏ သီချင်းများ ဖြစ်သည် ။ တစ်ခါတစ်ရံ Hip Hop သီချင်းများ အကြောင်းကို စိတ်လိုလက်ရ ဝေဖန်တတ်ပြီး စာသားတွေ ကြမ်းနေလျှင်တောင် ကာရံတွေ ကောင်းနေလျှင် လူငယ် Hip Hop အဆိုတော်တွေကို ချီးကျူးနေတတ်၏။

ထိုမျှ နားလည်မှု ပေးနိုင်စွမ်းသော ဖေဖေ့ကို နေရိပ် နားမလည်နိုင်ခဲ့သည့် ကိစ္စများ လည်း ရှိသေးသည် ။ ထိုကိစ္စမှာ တခြားမဟုတ်။ ဖေဖေက တခြားစီးပွားရေးသမားများ ထက် စီးပွားရေးအမြင် ပိုရှိကာ လောဘကြီးတတ်ခြင်းပင် ဖြစ်သည် ။

ထို့ပြင် ဖေဖေ ဘယ်သောအခါမျှ မဆွေးနွေးတတ်သော စိတ်ပါလက်ပါ မပြောဆိုတတ်ခဲ့သော ကိစ္စတစ်ခုလည်း ရှိသေးသည် ။

မေမေနှင့်ပတ်သက်ပြီး ဖေဖေ ဘယ်တော့မှ စကားမစပါ။ နေရိပ် သိရသလောက် မေမေ ကွယ်လွန်စဉ်က ဖေဖေ အသက်နှစ်ဆယ့်ရှစ်သာ ရှိသေး၏။ နေရိပ် ခုနစ်နှစ်သားမှာ မေမေ ဆုံးပါးသွားခြင်းဖြစ်သည် ။

မေမေ့ထက်စာလျှင် ဖေဖေ့ငယ်ဘဝက ပိုပြီး lonely ဖြစ်ခဲ့သည် ဟု ခန့်မှန်းမိ၏။ အဘယ်ကြောင့် ဆိုသော် မေမေ့ဘက်မှ ဆွေမျိုးများကိုသာ မြင့်ဖူးတွေ့ဖူးခဲ့ပြီး ဖေဖေ့ဘက်မှ အမျိုးတစ်ယောက်တလေကိုမှ နေရိပ် မမြင်ဖူးခဲ့ပါ။ မေမေ ဆုံးပြီး အရွယ်လည်း ငယ်၊ စီးပွားရေးမှာ လည်း အတော်အသင့် အောင်မြင်မှု ရနေပြေဖြစ်သော ဖေဖေမှာ မေမေဆုံးပါးပြီးနောက်ပိုင်း မေမေ့ဘက်မှ ဆွေမျိုးများ ၏ သတိထား စောင့်ကြည့်မှုကို ခံခဲ့ရသည် ။ ဒါပေမဲ့ ဖေဖေ့ဘက်က ခြေတစ်လှမ်းမျှ မမှားခဲ့ပါ။ ယခု ဖေဖေ့အသက် လေးဆယ့်လေးနှစ်ရှိပြီဖြစ်သောကြောင့် နောက်အိမ်ထောင်မပြုတော့ဟု ယေဘုယျအားဖြင့် ယူဆနိုင်ပါသည် ။ နေရိပ်ကတော့ ထိုယူဆချက်ထက်ပိုကဲသော ယုံကြည်မှုနှင့် ဖေဖေ့ကို လေးစားချစ်ခင်ခဲ့သည် ။

ဖေဖေကတော့ နေရိပ်ကို အလိုလိုက်မှု လွန်ကဲစွာ ချစ်ပါသည် ။ ထို့ကြောင့် အဖေတစ်ခု သားတစ်ခုဘဝမှာ ဘာအပိုသံယောဇဉ်မှ မရှိခဲ့။ မေမေ့ဘက်က အမျိုးတွေနှင့် ဖေဖေ့ဆက်ဆံရေး အေးစက်ပြတ်တော

က်ခဲ့သည် ကိုလည်း နေရိပ် နားလည်လက်ခံစွာ ဖေဖေ့ဘက်မှ ရပ်တည်ပေးခဲ့၏။

ဖေဖေသည် တစ်လေကလုံးတွင် နေရိပ်လောက် ဘယ်သက်ရှိ တစ်ဦးတလေကိုမျှ သံယောဇဉ်မတွယ်၊ အကြင်နာ မပိုခဲ့။

နေရိပ် ကိုယ့်အတွေးကိုယ် သဘောချနှစ်ခြိုက်စွာ ပြုံးလိုက်မိသည် ။ သားအဖနှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက် သိပ်ချစ်တာပဲဟု တစ်ခွန်းမှ ဖွင့်မပြောခဲ့သော်လည်း ပြောစရာစကား မရှိလောက်အောင် ချစ်ကြသည့်အတွက် အိမ်တွင် ထမင်းချက်ပေးသော ဒေါ်ကြီးစုပင် တဖွဖွ ပြောဆိုချီးမွမ်းတတ်သည် ။ ဒေါ်ကြီးစု အမြဲပြောလေ့ရှိသော စကားမှာ ...

"နေရိပ်တို့ သားအဖ စကားများ တာ ဒေါ်ကြီး တစ်ခါမှ မမြင်ဖူးသလောက်ပဲ"

ဟူ၍ ဖြစ်သည် ။ မရှိဆို တစ်ခါမှ ကို ဖေဖေက နေရိပ်ကို မဆူခဲ့ပါ။

နေရိပ်ကိုယ်တိုင်လည်း အဆူခံမထိအောင် နေတတ်လေသည် ။ ဥပမာ - ယခုလို သူငယ်ချင်းတွေနှင့် လျှောက်သွားရင်း ဖေဖေ(ရုံးမှ ပြန်လာခါနီး) နယ်ခရီးမှ ပြန်လာခါနီးအချိန်ကို သတိရပြီး အိမ်သို့ စောစီးစွာ ပြန်လာလိုက်ခြင်းဖြင့် အလုပ်လက်မဲ့ သားလိမ္မာပီသစွာ အိမ်မှ နေ၍ ဖေဖေ့ကို ကြိုပြခြင်း ဖြစ်ပါသည် ။

နေရိပ် ကားထဲမှာ ခပ်မြူးမြူး ဖွင့်ထားသော Akon ရဲ့ သီချင်းကို လုံးဝပိတ်ပစ်လိုက်ပြီး ခြံထဲသို့ ကားမောင်းဝင်လာချိန်မှာ ပင် အလွန်ထူးဆန်းသော အရာနှစ်ခုကို မျက်ဝါးထင်ထင် မြင်လိုက်ရလေသည် ။

ပထမတစ်ခုမှာ အိမ်ဘေးကပ်ရပ်တွင် ရှိသော ဆင်ခြေလျှောအနိမ့်ပို

င်း ဂိုဒေါင်အတွင်းသို့ မထိုးဘဲ ဆင်ဝင်နားမရောက်တရောက် နေပူထဲတွင် ဒရောသောပါးဆန်စွာ ရပ်ထားခဲ့သော ဖေဖေ့ကားဖြစ်ပြီး ဒုတိယတစ်ခုကတော့ ဖေဖေ့ရဲ့ Vermilion ရောင်တောက်ပနေသော Suzuki ကားလေးထဲမှ အထုပ်အပိုးတစ်ခုခုကို မနိုင်မနင်းသယ်ချရင်း အိမ်ထဲသို့ လှစ်ခနဲ ဝင်သွားသော မိန်းကလေးတစ်ဦး၏ နောက်ကျောပင်ဖြစ်သည် ။

သူမ ဘယ်သူလဲ။ အိမ်တွင် အမျိုးသမီးဟူ၍ ထမင်းချက် ဒေါ်ကြီးစုတစ်ယောက်သာ ရှိသည် ။ ယခု နေရိပ်မြင်လိုက်ရသော မိန်းကလေးကတင်ပါးအောက် ပေါင်လယ်လောက်အထိ ရှည်လျားသော ဆံပင်များကိုဖားလျားချထားပြီး အလွန်သွယ်လျလှပသော ခန္ဓာကိုယ်အချိုးအစား ရှိ၏။

ဒီတစ်ချက်နဲ့ တင် လွဲနေပြီ။ ဒေါ်ကြီးစု ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်ဖြစ်ပြီး ဆံပင်ကို ဘယ်တော့မှ ဖားလျားမချ။

နေရိပ် Why Questions ပေါင်းမြောက်မြားစွာ ခေါင်းထဲထည့်ရင်း ကားကို ဂိုဒေါင်ထဲထည့်ပြီး အိမ်ထဲသို့ ခပ်သုတ်သုတ် လှမ်းဝင်ခဲ့သည် ။ အိမ်ရှေ့တံခါးမှ ဝင်ဝင်ချင်း ဧည့်ခန်းထဲသို့ မမြင်ရသော်လည်း အသံတချို့ကိုတော့ အတိုင်းသား ကြားနေရသည် ။ ဖေဖေ့အသံနှင့် အခြားသော အမျိုးသမီးသံများကြောင့် နေရိပ် မျက်မှောင်ကျုံ့လိုက်မိသည် ။ ရုတ်တရက် ဧည့်ခန်းရှိရာသို့ အကွေ့ တစ်စုံတစ်ယောက်နှင့် နေရိပ်အရှိန်လွန်ဝင်တိုက်မိကြတော့၏။

"အမေ့ ..."

"ဟာ"

ရင်ဘတ်ဆီ မျက်နှာနှင့် ပစ်တိုက်လာသူကို အထိတ်တလန့်ငုံ့ကြည့်

တော့ အမျိုးသမီးတစ်ယောက်၏ အလွန်လှပသော မျက်နှာကို အနီးကပ်တွေ့လိုက်ရလေသည် ။

မဂ္ဂဇင်းမျက်နှာဖုံးတွေမှာ မြင်ရလေ့ရှိသော မိန်းကလေးတချို့၏ မျက်နှာပြင်လို အစက်အပြောက် အဖုအပိန့် ကင်းစင်သော မျက်နှာနှင့် တောက်ပစိုလဲ့နေသော မျက်လုံးနှုတ်ခမ်းတွေကြောင့် နေရိပ် တဒင်္ဂ ငေးခနဲဖြစ်သွားရသည် ။

သူမလည်း ဝင်တိုက်မိသည့်အရှိန်ကြောင့် ခေါင်းနည်းနည်းမူးသွားပုံရလေသည် ။ နှုတ်ခမ်းနှစ်လွှာရှေ့မှာ လက်ပြန်ကာရင်း နေရိပ်ကို အလန့်တကြား မော့ကြည့်ပြီး ချက်ချင်းခေါင်းပြန်ငုံ့သွားတော့ ဆံပင်တထွေးကြီးက ဘယ်ညာပခုံးကနေ ကျော်ပြီး ရင်ဘတ်ရှေ့ ဝဲခနဲ ဖြာကျလာသည် ။

နေရိပ် ခုနမြင်လိုက်ရတဲ့ ဆံပင်ဖားလျားနှင့် ကိုယ်ခန္ဓာတစ်ခုရဲ့ နောက်ကျောပြင်က သူမဖြစ်ဖို့ များ ပါသည် ။

"ဟော ... သား ပြန် လာပြီ"

ဝမ်းသာအားရ လှမ်းပြောလိုက်တဲ့ ဖေဖေ့အသံကြောင့် သူ ထိုနေရာမှ ကွေ့ရှောင်ထွက်ခဲ့၏။

ဖေဖေက ဧည့်ခန်းတွင် အလုပ်ရှုပ်နေဟန်နှင့် ခါးထောက်ရပ်နေပြီး ဖေဖေ့ဘေးနားတွင် အလွန်နုပျိုချောမောသော အမျိုးသမီးတစ်ဦးရပ်နေသည် ။

ထိုအမျိုးသမီးမှာ ဖေဖေနှင့် ရွယ်တူနီးပါးဖြစ်ပြီး သူမမျက်လုံးများက နေရိပ်ကို စူးစမ်းလိုစိတ်အပြည့်နှင့် လှမ်းကြည့်နေလေသည် ။

ဧည့်ခန်းထဲမှာ ဖရိုဖရဲပြန့်ကျဲနေသော ခရီးဆောင်အိတ်အကြီးအ

သေးတွေကို တစ်ချက်ဝေ့ကြည့်ရင်း နေရိပ်မျက်နှာက အလိုမကျရိပ် အံ့သြစူးစမ်းရိပ်တို့ ပြည့်နှက်သွားပြီး ဖေဖေ့ဘက်လှမ်းကြည့်တော့ မသိမသာ ပျက်ယွင်းအနေခက်သွားတဲ့ မျက်နှာအနေအထားကို ပြုပြင်ရင်း ...

" လာလေ သား ... ဖေဖေလည်း ခုပဲပြန်ရောက်တယ်၊ ဒါ ဖေဖေ့မိတ်ဆွေ ဒေါ်ချိုချိုတင်တဲ့ "

ဟု မပြည့်စုံသော မိတ်ဆက်ပေးမှုကို စတင်ပါသည် ။

"ချိုချို ... ဒါ ကိုယ့်သား နေရိပ်သစ်လေ"

အမျိုးသမီးက နှစ်လိုဖွယ် အပြုံးနှင့် ခေါင်းညိတ်ပြပြီး ...

"ကိုမင်း ပြောပြောနေလို့ နာမည်တော့ ရင်းနှီးပြီးသားပါ"

ဟု ဆိုလေသည် ။

နေရိပ် အလိုမကျစွာ မျက်မှောင်ကျုံ့ပစ်လိုက်သည် ။ သူ့အကြောင်းတွေ ဖေဖေက ပြောပြောနေခဲ့တယ်ဆိုတာ သူမတို့ ယခင်ကတည်းက ရင်းနှီးကျွမ်းဝင်ပြီးသားဆိုတဲ့ သင်္ကေတကို ပြလိုက်ခြင်းပင် ဖြစ်၏။

"ဟုတ်လား ... ကျွန်တော့်ကိုတော့ အန်တီတို့ နဲ့ ပတ်သက်ပြီး ဖေဖေဘာမှ ပြောမထားဘူးခင်ဗျ၊ ခုလို အလည်ခေါ်လာတာတောင် ကျွန်တော့်ကို ကြိုပြောထားတာ မဟုတ်ဘူး "

နေရိပ်စကားအဆုံး ဖေဖေက အားနာအနေခက်သွားပုံနှင့် ဒေါ်ချိုချိုတင်ကို ဖျတ်ခနဲ လှည့်ကြည့်လေသည် ။

ဒေါ်ချိုချိုတင်က ကိစ္စမရှိပါဘူးဆိုတဲ့ မျက်နှာပေးနှင့် လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်တာမို့ နေရိပ်စိတ်ထဲ နည်းနည်းတော့ ချဉ်သွားရ၏။

ထိုစဉ် အိမ်အပေါ်ထပ် လှေကားအတိုင်း တဒုန်းဒုန်းပြေးဆင်းလာ

သော ခြေသံနှင့်အတူ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရပြန်သည်
။

"မေမေ ... မိုးတို့ နေရမှာ အဲဒီအခန်းကြီးလား၊ ရှယ်ပဲနော်၊ ဦးလေးကိုတော့ အရမ်းကျေးဇူးတင်သွားပြီ သိလား၊ ဒါနဲ့ ညချမ်းရော၊ အမလေး ... အဝတ်အိတ်လေး သုံးလေးလုံးကို သယ်နေတာ ပြီးမပြီးနိုင်တော့ဘူး"

တခြားလူသုံးလေးယောက် ပြောစရာမကျန်အောင် တစ်ယောက်တည်း ပြောဆိုသွားသော ထိုကောင်မလေးကို နေရိပ်စိတ်ပျက်စွာ ကြည့်လိုက်မိ၏။

အသားဖြူပေမဲ့ မျက်လုံးမှေးမှေး၊ နှုတ်ခမ်းလန်လန်နှင့် အကြည့်ရဆိုးသော မျက်နှာကိုမှ အားမနာ ပြင်ဆင်ထားလိုက်တာ မြင်မကောင်းတော့။

ရွှေဝါရောင် တောက်ပနေသော ဆံပင်ကောက်ကောက်တွေကို ဖျတ်ခနဲ သပ်တင်လိုက်၊ ပြန်ဆွဲချလိုက်နှင့် တစ်ယောက်တည်း မျောက်ငါးပိကိုင်မိသလို အလုပ်ရှုပ်ပြနေသေးသည် ။ ဘာတွေလဲ။

ဖေဖေ ဘယ်လိုဟာတွေ အိမ်ပေါ်ခေါ်တင်လာပါလိမ့်။

သုံးယောက်စလုံးက မိန်းမတွေမို့ ခဏလေးနှင့် သူ မျက်စိနောက်နေမိပြီ။

ကံကောင်းထောက်မပြီး ခဏတစ်ဖြုတ်လာတဲ့ ဧည့်သည် သာဖြစ်ပါစေ။

***

# အခန်း(၂)

"သားရေ … breakfast စားရအောင်ကွာ၊ အောက်မှာ ဧည့်သည် တွေ စောင့်နေကြပြီ"

ရုတ်တရက်မို့ နေရိပ် အံ့သြသွားရသည် ။

မနက်စာ စားရုံနှင့် ဖေဖေ သူ့ကို ဘယ်သောအခါမှ နှိုးလေ့မရှိ။ ယခု ဟိုမိန်းမသုံးယောက်ကပါ သူ့ကို စောင့်နေသတဲ့ ။

နေရိပ် ကုတင်ပေါ်မှ လူးလဲထပြီး အခန်းတံခါးကို ဖွင့်လိုက်သည် ။

အခန်းရှေ့တွင် ကုမ္ပဏီသွားရန် အသင့်ဖြစ်နေပုံရသော ဖေဖေ့ကို သပ်ရပ်ခန့်ညားသော အပြင်အဆင်နှင့် တွေ့လိုက်ရလေသည် ။

"ဧည့်သည် တွေက သားကို စောင့်နေလို့ လား၊ ကိစ္စမရှိဘူး ဖေဖေ၊ စားနှင့်ပါစေ၊ သားခုမှ အိပ်ရာက နိုးတာ"

ပြောပြီးပြီးချင်း တံခါးကို ပြန်ပိတ်လိုက်ဖို့ ဖြစ်ပေမဲ့ တစ်ခုခု ပြောချင်နေပုံရသော ဖေဖေ့မျက်နှာအနေအထားကြောင့် တံခါးလက်ကိုင်ဘုကို ကိုင်ထားရင်း ရပ်နေမိသည် ။

"သား မျက်နှာသစ်၊ အဝတ်အစားလဲကာ ဆယ့်ငါးမိနစ်ထက် ပိုမကြာနိုင်ပါဘူး၊ ဖေဖေတို့ စောင့်နေမယ်လေ၊ မနေ့ကလည်း ချိုချိုတို့နဲ့ သားကို ကောင်းကောင်း မိတ်မဆက်ရသေးဘူးဆိုတော့ …"

ဖေဖေက စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ထားလိုက်ပြီး သူ့မျက်နှာကို လှမ်းကြည့်သည် ။

မိဘတစ်ယောက်ပေမဲ့ ဘယ်တော့မှ သားသမီးကို အမိန့်သံဆန်စွာ မနာခံစေတတ်ခဲ့သော ဖေဖေ့စကားသံကယခုလည်း နူးညံ့နွေးထွေးသည့် တောင်းဆိုမှုမျိုး ဖြစ်နေသည် မို့ သူ စိတ်လျှော့လိုက်ရ၏။

"အဲဒါဆို ... ခဏလေးပါ ဖေဖေ၊ သား ဆင်းလာခဲ့ပါ့မယ်"

ဘာမပတ်တဲ့ သူ့ရဲ့ လိုက်လျောမှုလေးအဆုံး ဖေဖေ့မျက်နှာက ချက်ချင်း ဝင်းပသွားကာ ခေါင်းတဆတ်ဆတ် ညိတ်ပြီး အခန်းရှေ့မှ လှည့်ထွက်သွားလေတော့သည် ။

သူ တံခါးကို ပြန်ပိတ်ရင်း တဒင်္ဂ ငြိမ်သက်တိတ်ဆိတ်နေမိသည် ။ သူ့ကို တကူးတကစောင်ပြီး မိတ်ဆက်ပေးရလောက်သော ဒေါ်ချိုချိုတင်၏ အရှိန်အဝါကို အထင်မသေးရဲသလို စိုးရိမ်စိတ်က ပြင်းထန်လာသည် ။

ဘာရယ်ကြောင့်မသိ ဒေါ်ချိုချိုတင် ပုံစံကို သူ လုံးဝသဘောမကျသလို သူ့သမီးနှစ်ယောက်ကိုလည်း ကြည့်မရချေ။ ဖေဖေ့ကို အားနာတာကြောင့် အမြန်ဆုံး ပြင်ဆင်ပြီးထမင်းစားခန်းထဲ ဝင်လာတော့ အားလုံး တိတ်ဆိတ်စွာ စောင့်ဆိုင်းနေတာကို တွေ့လိုက်ရသည် ။

"ဟော ..."

ဒေါ်ချိုချိုတင်ရဲ့ ရုတ်တရက် အာမေဋိတ်သံအဆုံး ဖေဖေနှင့် မိန်းကလေးနှစ်ယောက်၏ မျက်လုံးများက သူ့ထံသို့ လျှင်မြန်စွာ ရွေ့လျားရောက်ရှိလာသည် ။

"လာ ... သား၊ ဒီနေ့တော့ ဖေဖေတို့ အတွက် breakfast ကို

ဒီကချိုချိုတို့ သားအမိတွေက အထူးစီစဉ်ပေးထားတယ်"

ဖေဖေ့စကားကြောင့် သူ အလိုက်သင့် ခေါင်းညိတ်ပြုံးပြပြီး လှမ်းကြည့်တော့ တမင်ပဏာယူနေတဲ့ ခပ်ပင့်ပင့် မျက်နှာပေးနှင့် ဒေါ်ချိုချိုတင်ကို အမြင်ကပ်ဖွယ် တွေ့လိုက်ရသည် ။ သူမဘေးကပ်ရပ်မှာ ထိုင်နေသော တစ်ယောက်ကလည်း မချိုမချဉ် မျက်နှာနှင့် သူ့ကို လှမ်းကြည့်နေ၏။

"ကိုမင်း ပြောထားလို့ နေရိပ်သစ် အုန်းနို့ခေါက်ဆွဲ ကြိုက်တာ သိရတာပေါ့၊ အန်တီကိုယ်တိုင် ချက်ထားတာလေ၊ စားကြည့်ဦး သား"

နေရိပ် မသိမသာ မျက်ခုံးပင့်လိုက်မိ၏။

ဘယ်တုန်းကများ သူက ဩ့သည် ဖြစ်သွားရပါလိမ့်။

မနေ့ကမှ ရောက်လာတဲ့ အမျိုးသမီးတစ်စုက မီးဖိုချောင်ထဲ ဝင်ပြီး ချက်ရေးပြုတ်ရေး စီမံရတဲ့ အထိ ရဲတင်းစွာ အရေးပါမှုကို ဖေဖေကရော သဘောကျ ကျေနပ်နေပါသလား။ ရယ်ဒီမိတ်အစားအစာတွေထက် ပိုပြီး အရသာရှိနိုင်သော အုန်းနို့ခေါက်ဆွဲက ဒေါ်ချိုချိုတင်ရဲ့ သားဟူသော အခေါ်အဝေါ်ကြောင့် အလိုအလျောက် အရသာမဲ့သွားသည် ။

သူ စိတ်ပျက်အလိုမကျစွာ မျက်လွှာပင့်အကြည့် နူးညံ့ရွှန်းစိုသော မျက်ဝန်းတစ်စုံနှင့် တည့်မတ်စွာ ဆုံစည်းသွားရ၏။

သူမက ရုက်ရွံ့လန့်ဖျပ်သွားပုံနှင့် ခေါင်းငုံ့သွားပေမဲ့ နေရိပ် သတိလက်လွတ် ငေးနေမိသည် ။

မနေ့က သူနှင့် ဝင်တိုက်ခဲ့စဉ်က အမှတ်တမဲ့မို့ မျက်နှာချင်းဆိုင် သေသေချာချာ ကြည့်မိမှ သူမ၏ မဟာဆန်ပြီး အေးချမ်းသော အလှကို မြင်ရတော့၏။

"အဟမ်း"

တစ်ခုခု ပြောခါနီး လုပ်နေကျအကျင့်အတိုင်း လည်ချောင်းရှင်းသော ဖေဖေ့အသံကြောင့် နေရိပ် မလုံမလဲ ဖြစ်သွားမိသည် ။

"တကယ်တော့ ချို့ချို့တို့ က ဒီကို ခဏလာတဲ့ ဧည့်သည် မဟုတ်ဘူး သား"

ဖေဖေ့စကားကြောင့် သူ အံ့သြတုန်လှုပ်စွာ မော့ကြည့်လိုက်မိ၏။

"ဒါကို နောက်မှ ပြောပါ ကိုမင်းရယ်၊ ချို့တို့ က သူစိမ်းတွေမှ မဟုတ်ဘဲ၊ သားက မသိသေးပေမဲ့ အန်တီနဲ့ သားအဖေက ဟိုတုန်းကတည်းက ရင်းနှီးပြီးသား မိတ်ဆွေရင်းတွေ သားရဲ့ ၊ တစ်ခါတည်း မိတ်ဆက်ပေးမယ်နော်၊ ဒါ အန်တီ့သမီးလေး မေမိုးသည်းတဲ့ "

ဒေါ်ချို့ချို့တင့်စကားအဆုံး သူ တဒင်္ဂ ငေးကြည့်နေမိသည့် ကောင်မလေးက ခေါင်းငုံ့သွားသည် ။ တကယ်ဆို သူ့ကို ပြောတာလည်း မဟုတ်ဘဲ။

"သူကတော့ အန်တီ့တူမ ဆောင်းညချမ်းတဲ့ ..."

မေမိုးသည်းဆိုသည့် ကောင်မလေးက ခေါင်းမော့ပြုံးပြလာပေမဲ့ သူမကတော့ မျက်လွှာတစ်ချက်တောင် ပင့်မကြည့်ဘဲ မဝံ့မရဲပုံစံနှင့် ခေါင်းညိတ်ပြလေသည် ။

"ဟဲ့ ... ညချမ်း၊ ဘာဖြစ်နေတာလဲ၊ ပြောတာတောင် မထုံတတ်တေးနဲ့ ၊ နှုတ်ဆက် လိုက်လေ"

အန်တီလေးအသံကြောင့် ညချမ်း အထိတ်ထိတ် အလန့်လန့်ဖြစ်သွားရသည် ။ ကိုယ့်ကို စူးစမ်းအကဲခတ်နေကြတဲ့ မျက်လုံးတွေကို ညချမ်းဘယ်လိုအင်အားနဲ့ ရင်ဆိုင်ရမလဲဆိုတာ စဉ်းစားမရ

ခင်မှာ ပင် ...

"ကိစ္စမရှိပါဘူး၊ သူ နေတတ်သလို နေပါစေ"

နူးညံ့သည် လည်း မဟုတ်၊ မာထန်သည် လည်း မဟုတ်သော ခပ်သြြ
သြြအသံက နွေးထွေးချိုရှသော အရိပ်အငွေ့တို့ ပျော်ဝင်နေလေသည် ။

တကယ်ဆို ညချမ်း သိက္ခာမ်းရင်းနှီးခဲ့တာ ဦးမင်းသစ်တစ်ယောက်တ
ည်းရယ်။ နေရိပ်သစ်ကိုတော့ အလိုလိုနေရင်း ရှိန်နေမိသည် ။

ဒါတောင် အန်တီလေးနဲ့ ဘယ်လိုဆက်သွယ်ပတ်သက်မှုတွေ ရှိနေခဲ့
မှန်း မသိနိုင်ပါ။

"ညချမ်းက ခုမှ ပထမနှစ်ဖြေပြီးတာလေ၊ သားထက်ငယ်တယ်၊ မေ
မိုးကတော့ ကျောင်းပြီးသွားပြီ၊ သားနဲ့ အသက်တူတူလောက်ပဲ ထင်တ
ယ်"

"မိုးက ပြီးခဲ့တဲ့ လကမှ နှစ်ဆယ်ပြည့်တာ ဦးလေးရဲ့ ၊ ကျောင်းပြီးပေ
မဲ့ ဆက်တက်ရမယ့် သင်တန်းတွေကတော့ အများကြီးပဲ၊ အဲဒီအတွက်
ဦးလေးသားကိုပဲ အကူအညီတောင်းမှာ နော်"

"ရပါတယ်၊ သားက အခု ဘာအလုပ်မှ မရှိသေးတာ၊ သား ... ဒီက
ညီမလေးတွေက အိမ်ကနေပြီး ကျောင်းတက်မှာ ၊ အစစအရာရာ ကူညီ
ပေးလိုက်ဦးနော်"

ဦးမင်းသစ်ဘက်က တက်ကြွဖော်ရွေနေသလောက် နေရိပ်သစ်ပုံစံ
က ထုံပေပေ ရှုတင်းတင်းမို့ မေမိုးက နှာခေါင်းရှုံ့ရင်း ညချမ်းကို
လှမ်းကြည့်သည် ။

သူမကတော့ အလိုလိုနေရင်း ကြောက်နေတတ်သူမို့ ဘာတစ်ခုမှ မ
တောင်းဆိုရဲ။

"ဖေဖေ ဒီနေ့ သားသူငယ်ချင်းတွေနဲ့ ချိန်းထားတာ ရှိသေးလို့ ၊ အဲဒါ ..."

"ခဏနေပါဦး သားရဲ့ ၊ ဒီက သားညီမတွေကို သင်တန်းလိုက်အပ်ပေးလိုက်ပါဦး၊ သူတို့ က ..."

ဖေဖေ့စကားမဆုံးခင် သူ နေရာမှ ထရပ်ပြီးသား ဖြစ်နေပြီ။

"ဆောရီး ဖေဖေ၊ သားက အဲဒီကျောင်းတွေ၊ သင်တန်းတွေနဲ့ အဆက်အစပ်မရှိတာ ကြာပြီ၊ သား လိုက်အပ်ပေးလို့ လည်း ဘာမှ မထူးပါဘူး၊ ပြီးတော့ သူတို့ က ကလေးတွေမှ မဟုတ်တာ၊ လူတိုင်း သင်တန်းကို ကိုယ့်ဘာသာ အပ်နေကြတာပဲ"

"ဟုတ်သားပဲ ကိုမင်းရဲ့ ၊ သား သူ့ကိစ္စရှိတာ သွားပါစေ၊ သမီးတို့ လည်း မြို့ထဲသွားတတ် လာတတ်နေပြီးသားကို သင်တန်းက အဝေးကြီးသွားရမှာ မှ မဟုတ်ဘဲ"

ဒေါ်ချိုချိုတင် တစ်ချက်ကလေးမှ မျက်နှာပျက်မသွားဘဲ သဘောထားကြီးပြနိုင်ပုံက အတော်လေး အံ့သြစရာ ကောင်းလွန်းပါသည် ။

နေရိပ် ထိုကောင်မလေးနှစ်ယောက်ဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ တစ်ယောက်က မကျေမနပ်ပုံစံနှင့် ခပ်စွေစွေကြည့်ပြီး ညချမ်းဆိုသည့် ကောင်မလေးက သူ့ကို ခပ်ငေးငေး ခိုးကြည့်နေရင်းမှ ရုတ်တရက် မျက်နှာလွှဲသွားသည် ။

ဘာအပြင်အဆင်မှ မပါသည့် မျက်နှာလေးက ဖြူစင်ဝင်းမွတ်ပြီး နက်မှောင်ရှန်းလက်နေသည့် မျက်ဝန်းအစုံက ချက်ချင်း ပန်းချီထဆွဲပစ်ချင်လိုက်အောင် လှနေလေသည် ။

နေရိပ် သူမမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ထမင်းစားပွဲက ထွ

က်လာခဲ့သည် ။

သူ ထွက်သွားတော့ အခန်းထဲမှာ အားလုံးတဒင်္ဂ တိတ်ဆိတ်သွား၏။

"ကဲ ... ချိုချိုနဲ့ သမီးတို့ ဦးလေး ရုံးသွားတော့မယ်၊ မနက် အလုပ်ကိစ္စရှိလို့ အေးအေးဆေးဆေး စကားမပြောနိုင်သေးဘူး၊ အားလုံး လွတ်လွတ်လပ်လပ် နေကြနော်"

"ဟုတ်ကဲ့ ဦးလေး"

မေမိုးက သွက်သွက်လက်လက်လေး ခေါင်းညိတ်ပြရင်း နှုတ်ဆက်သည် ။

"ညချမ်း ... ဦးလေး သွားမယ်နော်"

"ဟုတ်ကဲ့ရှင့်"

အန်တီလေးက ညချမ်းကို ခပ်စူးစူး လှမ်းကြည့်လိုက်တာမို့ နေရာမှ ထရပ်လိုက်ရသည် ။

"ဟို ... ဦးလေးကို ညချမ်းကားနားအထိ လိုက်ပို့ပေးပါရစေ"

ဦးမင်းသစ်မျက်နှာက ပီတိတစ်မျိုးဖြင့် ကြည်လင်ဝင်းပသွားတာမို့ သူ့ထံမှ အဖြေစကားကို စောင့်မနေတော့ဘဲ စားပွဲပေါ်မှ အသင့်ချထားသည့် အိတ်ကို ဆွဲရင်း ကားဆီသို့ လျှောက်လာခဲ့သည် ။

"ကျေးဇူးပဲ သမီး"

ကြည်ညိုအားကိုးချင်စရာ ကောင်းလောက်အောင် တည်ကြည်ရှင်းသန့်နေသည့် ဦးမင်းသစ်မျက်နှာကို မော့ကြည့်ရင်း ညချမ်း မသိမသာ သက်ပြင်းရှိုက်လိုက်မိသည် ။

"ရပါတယ် ဦးလေးရယ်၊ တကယ်ဆို ညချမ်းတို့ က ကျေးဇူးတင်ရမှာ

"

"ဒါတွေ မပြောပါနဲ့ ကွယ်၊ ဒီအိမ်မှာ သမီးတစ်သက်လုံးနေရမှာ ၊ ကျေးဇူးတင်တာတွေ၊ အားနာတာတွေ ဘာမှ မလိုဘူး၊ သိလား"

စကားဆုံးသည် နှင့် ဦးမင်းသစ်က ကားလေးပေါ်သို့ တက်ကာ ခြံထဲမှ ညင်ညင်သာသာ မောင်းထွက်သွားသည် ။

ညချမ်းမှာ သာ သက်ပြင်းတွေ အကြိမ်ကြိမ် ရှိုက်ရင်း အိမ်ဝမှာ ကျန်ခဲ့ရ၏။

"ဟဲ့ ... ညချမ်း"

မေမိုးက အိမ်ရှေ့တံခါးကို မှီရပ်ရင်း သူမကို လှမ်းခေါ်လေသည် ။ ဘောင်းဘီအသားရောင် အတိုကပ်ကပ်လေးနှင့် လက်ပိုက်ရပ်နေသည့် မေမိုးက ညချမ်းကို မထေ့မဲ့မြင်ပုံစံနှင့် ကြည့်လိုက်ပြီး ...

"ဦးလေး ဦးမင်းသစ်က အရမ်းသဘောကောင်းတယ်နော်၊ ငါတို့တော့ ကံကောင်းတာပဲ၊ ဒါပေမဲ့ သူ့သား ကြည့်ရတာတော့ သိပ်အထာမကျပါဘူး၊ နင်ရော ဘယ်လိုမြင်လဲဟင်"

မနေ့တစ်နေ့ကမှ တွေ့ရတဲ့ ယောကျ်ားတစ်ယောက်ကို ညချမ်း ဘယ်လိုမှ မမြင်တတ်သလို ဘယ်လိုမှ လည်း မဝေဖန်ချင်ပါ။ မည်သို့ဆိုစေ နေရိပ်သစ်ဟာ ဦးမင်းသစ်ရဲ့ သားတစ်ယောက်ဟူသည့် အသိက ညချမ်းရင်ထဲမှာ စွဲပြီးသားမို့ အလိုလိုနေရင်း ရှိန်ရ ကြောက်ရပါသည် ။

"နင့်ကြည့်ရတာ မှိုင်တွေငေးငိုင်နေတာပဲ၊ ဘာဖြစ်နေတာလဲ၊ ခုချိန်မှာ ငါတို့ က အရမ်းလန်းပြီး အရမ်းပျော်နေရမှာ ဟဲ့၊ ညက ဦးမင်းသစ်က မေမေ့ကို မီးခံသေတ္တာသော့ပေးတာ ငါတွေ့လိုက်တယ်၊ လက်ဝတ်လက်စားတွေလည်း ကြိုက်တာယူဝတ်၊ ဘာမှ မျက်နှာမငယ်စေရဘူးတဲ့

၊ သြော် ... ဒါနဲ့ မေမေနဲ့ ငါမြို့ထဲ ဈေးသွားဝယ်မှာ နင် လိုက်ဦးမလား"

ညချမ်း သူမမျက်နှာကို အံ့သြတကြီး ပြန်ကြည့်လိုက်မိသည် ။ ဘယ်သူမှ မသိသည့် ပတ်သက်ဆက်နွယ်မှုတွေနှင့် ဦးမင်းသစ်ရဲ့ ထောက်ပံ့မှုတွေ ယူနေရသည့်ဘဝကို ညချမ်း ဘယ်လိုမှ မနှစ်မြို့ မသာယာနိုင်ပါ။ မေမိုးနှင့် အန်တီလေးကတော့ ညချမ်းစိတ်ဓာတ်နှင့် လုံးဝဆန့်ကျင်ဘက်ပင် ဖြစ်သည် ။

"မလိုက်ချင်ပါဘူး မေမိုးရယ်၊ ညချမ်း ဘာမှ ဝယ်စရာမရှိဘူး၊ ပြီးတော့ ..."

မေမိုးက အလိုက်တာဆိုတဲ့ အကြည့်နဲ့ ညချမ်းကို ခပ်ပြုံးပြုံး ကြည့်လိုက်ရင်း ...

"ညချမ်းရယ် ... နင်ကတော့ အပြီးရင်းအ၊ တုံးပြီးရင်းတုံးပဲ၊ ဘာကိုဝယ်စရာမရှိတာလဲ၊ ကိုယ့်လက်ထဲ ပိုက်ဆံတွေရောက်နေမှ တော့ မျက်စိထဲ မြင်သမျှဟာ ဝယ်စရာတွေချည်းပဲပေါ့၊ ငါတို့ မှာ အဝတ်အစားကောင်းကောင်း လည်း မရှိဘူး၊ ပြီးတော့ မရောက်ဖူးသေးတဲ့ ၊ super market တွေ၊ coffee shop တွေ အများကြီး ရှိသေးတယ်လေ၊ ရပ်ကွက်အစုတ်ပလုတ်မှာ ချို့ချို့တဲ့ တဲ့ နေခဲ့ရတဲ့ ဘဝကို မေ့ပစ်လိုက်စမ်းပါ၊ ဒီလိုအခြေအနေမျိုး ရောက်လာဖို့ စိတ်ကူးယဉ်ခဲ့ရတာ ကြာပြီ၊ ကဲ ... အခုအားလုံး ငါတို့ သဘော၊ ငါတို့ စိတ်တိုင်းကျ၊ ဒီတစ်အိမ်လုံးမှာ ဦးမင်းသစ်ပြီးရင် မေမေ့သြဇာအာဏာတစ်ခုတည်း တည်လာတော့မှာ "

ညချမ်း သူမ ပြောစကားများကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေမိသည် ။ ထိုစဉ် ဧည့်ခန်းထဲသို့ ပန်းအိုးလာလဲသော ဒေါ်ကြီးစု ရောက်လာသဖြင့် မေမိုး စကားကို ရပ်ပစ်လိုက်၏။

"ဘာတွေ လျှောက်ပြောနေတာလဲ မေမိုးရယ်၊ သူများ တွေကြားသွား

ရင် မကောင်းပါဘူး၊ တကယ်ဆို ဦးလေး ဦးမင်းသစ်က ငါတို့ တွေ ဒုက္ခ ရောက်နေလို့ ခေါ်လာတာကို ..."

"တိတ်စမ်း ... နင် အဲလိုတွေ ကြပ်ကြပ်ပြော၊ မေမေနဲ့ တွေ့မယ်၊ ဘယ်သူတွေ ကြားမှာ မို့ ဘယ်သူ့ကို ဂရုစိုက်ရဦးမှာ လဲ၊ ဦးမင်းသစ်တို့ သားအဖက လွဲပြီး ဒီအိမ်မှာ ဘယ်သူရှိလို့ လဲ၊ ဟိုမိန်းမကြီးက အိမ်ဖော်ပဲဥစ္စာ၊ ဦးမင်းသစ်ကတော့ အေးဆေးပိုင်ပြီးသားပါ၊ သူ့သား တစ်ယောက်ကိုပဲ အပီအပြင် ပေါင်းထားရမှာ "

ညချမ်း ခေါင်းကို မသိမသာ ခါရမ်းလိုက်မိသည် ။ မေမိုးပြောသလို ဖြစ်လာဖို့ က လုံးဝမသေချာသလောက် ရှိသည် ။ ပြီးတော့ နေရိပ်သစ်ဆိုသည့် လူကြီးက မေမိုးထင်သလို မိန်းကလေးတွေ ရောတိုင်းရမည့် ပုံစံမျိုး မရှိပါ။

ခပ်ကုပ်ကုပ် တွန့်ချိုးချထားတဲ့ မျက်ခုံးထူထူတွေအောက်မှ စူးရဲတောက်ပနေသည့် မျက်လုံးတွေ၊ အမြဲလို ခပ်တင်းတင်း စေ့ထားတတ်သည့် နှုတ်ခမ်းပြည့်ပြည့်တွေကို ကြည့်တာနှင့် တော်ရုံစိတ်မပျော့သူဖြစ်မှန်း သိသာပါသည် ။ ယောကျ်ားပီသပြီး ကြည့်ကောင်းသည့် ပုံစံမျိုးရှိသူတွေက မာနကြီးတတ်ကြတာများ ၏။ ထို့ကြောင့် စတွေ့ကတည်းက ညချမ်းလန့်နေမိခြင်း ဖြစ်သည် ။

"ဒါနဲ့ ငါစဉ်းစားမိတာ တစ်ခုရှိသေးတယ်၊ နေရိပ်သစ်က ငါတို့ ထက်အသက်ပိုကြီးတော့ ကိုကိုလို့ ခေါ်ရမယ်၊ ဘယ်လိုလဲ၊ ငါတော့ အဲလိုပဲ ခေါ်မှာ ၊ နင်လည်း အဲလိုခေါ်မယ်မဟုတ်လား"

မေမိုးစကားအဆုံး ညချမ်းခဏလောက် တွေဝေသွားပြီးမှ ခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်ရည်။

အစ်ကိုအရွယ်မို့ ကိုကိုခေါ်တာပဲဆိုတဲ့ စိတ်နဲ့   အဲဒီအချိန်က တက

ယ့်ကို သဘောရိုးနဲ့ ပါ။

နေရိပ်သစ်ဟာ ညချမ်းရဲ့ အစ်ကိုတစ်ယောက်ဆို ဘယ်လောက်ပျော်စရာ ကောင်းမလဲလို့ တောင် တွေးလိုက်မိသေးရဲ့ ။

***

## အခန်း(၃)

နေရိပ်စကားအဆုံး မင်းဝေက တအံ့တသြ ဖြစ်သွားပုံနှင့် မျက်လုံးပြူးရင်း ...

"ဒါဆို ... အခု မင်းတို့ အိမ်မှာ မိန်းမတွေချည်း သုံးယောက်တောင် ရောက်နေတယ်ပေါ့"

ဟု မေးလိုက်ပြန်သည် ။

"ဟုတ်ပါတယ်ဆိုမှ လျှာရှည်ပြန်ပြီ"

မင်းဝေအစကားအဆုံး ညိုသစ်ထွန်းက မျက်စောင်းထိုးရင်း လှမ်းပြော၏။

"မဟုတ်ပါဘူး၊ ငါက သေချာချင်လို့ ပါ၊ နေပါဦး သူတို့ က မင်းအဖေနဲ့ ဘာတော်လဲ"

နေရိပ် မျက်မှောင်ကျုံ့ထားရင်းမှ ကျွတ်ခနဲ စုတ်သပ်ရင်း ခေါင်းခါပြလိုက်သည် ။

"ငါလည်း အဲဒါပဲ သိချင်နေတာကွ၊ ဖေဖေ့မိတ်ဆွေဟောင်း ဘာညာဆိုလည်း အစကတည်းက ငါသိရမှာ ပေါ့၊ ပြီးတော့ ဖေဖေ့ဘက်က အမျိုးလည်း မဟုတ်ဘူး "

"ဒါနဲ့ နေပါဦး ..."

"နေပါတယ်ကွာ၊ ဘယ်မှ ထမပြေးပါဘူး"

အကြောင်းအရာတစ်ခု စမိလျှင် အလွန်စပ်စပ်စုစု မေးလေ့ရှိပြီး စကားပြောတိုင်း နေပါဦးဟု အစချီတတ်သော မင်းဝေမှာ ညိုသစ်ထွန်းစကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ ...

"မဟုတ်သေးပါဘူး၊ ငါ ဆိုလိုတာက မင်းအဖေက အလုပ်ကိစ္စနဲ့ နယ်ခရီးထွက်သွားတယ်၊ ပြီးတော့ အဲ့မိန်းမတွေ ခေါ်လာတယ်၊ သူတို့ က အမျိုးလည်း မဟုတ်ဘူး ၊ မင်းပြောပုံအရဆို ခဏလာလည်တာ မဟုတ်ဘူး ဆိုတော့ ..."

ဟု သူ့ဘာသာမေးပြီး ကိုယ်တိုင် ဝေဖန်ဆန်းစစ်နေပုံနှင့် ငြိမ်သက်စဉ်းစားနေလေတော့၏။

ညိုသစ်ထွန်းက မင်းဝေပုံစံကို ကြည့်ပြီး စိတ်မရှည်ပုံနှင့် -

"မင်းပြောမှ ပိုရှုပ်ကုန်ပြီ"

"မရှုပ်ဘူးကွ၊ သေသေချာချာ စဉ်းစားရင် ရှင်းတယ်၊ နေရိပ် မင်းက သူတို့ ကို အကဲမခတ်မိဘူးလား၊ သူတို့ ပုံစံက နယ်ကလား၊ ဒီရန်ကုန်ထဲကပဲလား ဆိုတာ"

"နယ်ကတော့ ဟုတ်မယ်မထင်ဘူးကွ၊ သူတို့ ပြောပုံအရဆို ရန်ကုန်မှာ နေတာပဲ ဖြစ်မယ်"

"ဒါဆို သူတို့ ပုံစံက ဘယ်လိုမျိုးတွေလဲ၊ မင်းတို့လို ပြည့်ပြည့်စုံစုံထဲကလား၊ အလယ်အလတ်ပဲလား၊ ဒါမှ မဟုတ် "

နေရိပ် စိတ်ရှုပ်ရှုပ်နှင့် ဆံပင်တွေကို ထိုးဖွပစ်လိုက်ရင်း -

"မသိဘူးကွာ၊ မင်းကလည်း ငါ့ကို အမှုသည် စစ်သလို လာစစ်နေတ

ယ်"

"အံမာ ... ကိုယ့်အိမ်ပေါ် ရောက်လာတဲ့ လူတွေကိုတောင် ဘယ်ကမှ န်းမသိ၊ ဘာမှန်းမသိ၊ ငါသာ မင်းနေရာမှာ ဆို အားလုံးသိအောင် လုပ် လိုက်ပြီးပြီ"

"မသိချင်ပါဘူး၊ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့ "

"ဟ ... ဒါက တပ်အပ်ပြောလို့ မရဘူးလေကွာ၊ အချိန်တန် အိမ်ပြန် သွားမယ့် ဧည့်သည် ဆို တော်သေးတယ်၊ မင်း နေသာသလို နေလိုက်ပေ့၊ တကယ်လို့ ... အဲဒါတွေက မင်းအိမ်ကို ကယ်ဆယ်ရေးစ ခန်းအမှတ်နဲ့ ရောက်လာတာဆို ဘယ်လိုလုပ်မလဲ"

"ဘာ"

သူ့အော်သံကြောင့် ညိုသစ်ထွန်းနှင့် မင်းဝေက လန့်ဖျတ်သွားပုံနှင့် လှည့်ကြည့်လေသည် ။

သူတို့ တွေးမိသလို နေရိပ်တစ်ခါမျှ မတွေးမိခဲ့ချေ။ ခဏလာတဲ့ ဧည့် သည် မဟုတ်ဘူး ဟု ဖေဖေ ပြောခဲ့ပေမဲ့ ရက်အကန့်အသတ်မရှိ အ တော်ကြာနေမည့်သူလား၊ အမြဲတမ်းနေမည့်သူလားဟု တော့ ကွဲကွဲပြားပြား မပြောခဲ့ပါ။

ဒီကိစ္စတွေ သူ့ကို ဖေဖေ ကြိုတင်တိုင်ပင်ခဲ့လို့ သင့်ပါလျက် မတိုင်ပ င်ခဲ့ခြင်းကို သူ စိတ်ဆိုးဖို့ မေ့လျော့နေခြင်းမှာ ရုတ်တရက် အံ့ဩနေ သောကြောင့်သာ ဖြစ်ပါလိမ့်မည်။

"ဒါနဲ့ အဲဒီသားအမိသုံးယောက်က တော်တော်လှလား"

ညိုသစ်ထွန်းစကားက တစ်ခုခုကို ရည်ရွယ်နေမှန်း သူရိပ်မိလိုက် သောကြောင့် ချက်ချင်းမဖြေဘဲ ခပ်တွေတွေ စိုက်ကြည့်နေမိ၏။

"မသိဘူးကွာ၊ တော်တော်အာရုံနှောက်တယ်၊ ဖေဖေနဲ့ ငါတော့ စကားမများ စဖူး များ ရတော့မယ် ထင်တယ်"

"အဲလိုတော့ မဖြစ်ပါစေနဲ့ ကွာ၊ အန်ကယ့်အကြောင်း ငါအသိဆုံးပါ၊ ဘာမဟုတ်တဲ့ ကိစ္စလောက်နဲ့ တော့ သားအဖချင်း စိတ်ဝမ်းမကွဲသင့်ဘူး "

မင်းဝေစကားကြောင့် သူ တဒင်္ဂ တွေဝေသွားရသည် ။

ဒီကိစ္စဟာ သူပြောသလို ဘာမှ မဟုတ်တဲ့ ကိစ္စတစ်ခုသာ ဖြစ်သွားပါစေဟု လည်း တိတ်တဆိတ် ဆုတောင်းမိ၏။

"ငါလည်း ဖေဖေနဲ့ တော့ အတိုက်အခံတွေ မပြောချင်ပါဘူးကွာ၊ သားအဖနှစ်ယောက်တည်းရှိတဲ့ အိမ်ကို အမျိုးသမီးတွေချည်းပဲ သုံးယောက်တောင် ခေါ်လာတာ တစ်သက်လုံးနေဖို့ တော့ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်ပါဘူး"

"အင်း ... အဲလိုသဘောထားကြီးကြီးနဲ့ ဖြည့်တွေးစမ်းပါ နေရိပ်ရာ၊ ဒါပေမဲ့ ကြိုပြောထားဦးမယ်နော်၊ ငါတို့ တော့ တစ်ခါလောက် လာလည်မယ်၊ မင်းခုနက ပြောတဲ့ ထဲမှာ တစ်ယောက်က ပန်းချီထိုင်ဆွဲချင်စရာဆို"

ညိုသစ်ထွန်းစကားကြောင့် သူ ရှက်အမ်းအမ်း ဖြစ်သွားရသည် ။

"ငါက ရိုးရိုးပြောတာပါကွာ"

"အေးလေ ... ငါတို့ ကလည်း ရိုးရိုးပြောတာပဲကိုး၊ ဘာတွေမလုံမလဲဖြစ်နေတာလဲ၊ ရင်းနှီးသွားရင် မော်ဒယ်ထိုင်ခိုင်းလို့ ရတာပေါ့"

ညိုသစ်ထွန်းက သူ့ရဲ့ ပါဝါခပ်ထူထူ မျက်မှန်ကို ပင့်တင်ရင်း အတည်ပေါက်နှင့် နောက်နေတာမို့ နေရိပ် အမှန်တကယ်ပင် မလုံမလဲ ဖြစ်

သွားမိ၏။

"ဟုတ်လား နေရိပ်၊ အဲဒီကောင်မလေးက တော်တော်လှလား"

"တော်စမ်းပါကွာ၊ ငယ်ငယ်လေး ရှိသေးတယ်"

"ဆယ့်သုံးနှစ်လား"

"ဆယ့်ရှစ်နှစ်လို့ ပြောတာပဲ"

နေရိပ်စကားကြောင့် မင်းဝေမျက်နှာက ရှုံ့မဲ့သွားပြီး ...

"မင်းကြီးတော် ... ဆယ့်ရှစ်နှစ်က ငယ်မလားကွ ရည်းစားထားမယ်ဆို နှစ်ယောက် သုံးယောက် ရနေလောက်ပြီ"

"အေး ... ဟုတ်တယ်၊ သူ့မှာ ရည်းစားရှိချင် ရှိနေမှာ တော်ပြီကွာ၊ စိတ်မဝင်စားဘူး၊ ပန်းချီလည်း မဆွဲချင်ဘူး၊ သက်ရှိလူကို ဆွဲရတာ သိပ်စိတ်ရှည်တာ မဟုတ်ဘူး "

သူ ပစ်ပစ်ခါခါ ပြောတာတောင် မင်းဝေက အမှတ်သည်းခြေမရ မရှက်တတ်သည့် မျက်နှာပေးနှင့် ...

"မင်း စိတ်မဝင်စားပေမဲ့ ငါ စိတ်ဝင်စားတယ်ကွ၊ ဟော့ကောင် ... ကြုံရင် ပြောထားနော်၊ ငါက ဆွဲချင်လို့ ဆိုတာ"

"ဘာကွ ..."

"ပန်းချီလေ ၊ ပန်းချီ ၊ မိုနာလီဇာကို လီယိုနာဒို ဒါဗင်ဂျီ ဆွဲသလိုမျိုးပေါ့၊ ဟဲ ... ဟဲ"

"ရောဂါကလည်း သိပ်တော့မသေးဘူး"

ဘယ်လိုပြောပြော မင်းဝေကတော့ အပြုံးမပျက် တဟဲဟဲ ရယ်နေလေသည် ။

သုံးယောက်လုံး ကျောင်းပြီးကတည်းက ဘာအလုပ်မှ မလုပ်ဘဲ ကိုယ့်ကိုယ်ကိုယ် အနုပညာသမားတွေလို့ ခံယူထားပြီး နေချင်သလိုနေ၊ စားချင်သလို စားကြသည် ။ သူတို့ အဖွဲ့ထဲမှာ စည်းကမ်းရှိပြီး အေးအေးဆေးဆေး နေတတ်သူက ညိုသစ်ထွန်းပင်ဖြစ်သည် ။

ညိုသစ်ထွန်းအဖေနှင့် အမေက တက္ကသိုလ်မှ ကထိကများ ဖြစ်ပြီး အစ်မနှစ်ယောက်လုံးကလည်း တက္ကသိုလ်မှ နည်းပြနှင့် အလယ်တန်းပြ ကျောင်းဆရာမမို့ သူ့ပုံစံက အမြဲတမ်း စည်းကမ်း လိုက်နာတတ်သော ကျောင်းသားတစ်ယောက်လို ဖြစ်နေ၏။ မင်းဝေက နေရိပ်လို တစ်ဦးတည်းသော သားမို့ အနည်းငယ် ဆိုးချင်သေးသည် ။

ဒါပေမဲ့ သူတို့ အားလုံး တူညီသည့်အချက်နှစ်ခုက အနုပညာကို အသေအလဲ ဝါသနာပါခြင်းနှင့် ရည်းစားမထားခြင်း ဖြစ်၏။ မိန်းကလေးကိစ္စနှင့် ပတ်သက်လျှင် မင်းဝေမှ လွဲ၍ ကျန်သည့်နှစ်ယောက် အမြဲပြောလေ့ရှိသည့် လက်သုံးစကားက စိတ်မဝင်စားပါဘူး၊ ဘာလုပ်ဖို့ လဲ ဟူ၍ ဖြစ်လေသည် ။

***